
## ဒုဗ္ဘာ

သိကြားမင်းကို နတ်သားမာတလိက မေးတယ် ...

"စုလက်ခံလိုက်တဲ့ လူပြည်ကလာတဲ့ ငနဲက အတော်ဆိုးတယ်ဘုရား၊ အရက်သောက်လိုက်တာကလည်း ကျွမ်းပြန်နေတာ၊ ကားကလည်း ဟိုတိုက် ဒီတိုက် ကားဆိုတိုက်၊ မိန်းမဆို ရိုက်ဆိုပြီး သူ့မိန်းကိုလည်း အလကားနေရင်း ရိုက်နေတာ၊ ဒါနဲ့များ နတ်ပြည်ရောက်လာရတယ်လို့"

"မသိအသာနေစမ်းကွာ၊ သူ့ကြည့်ပြီး အရက်ပြတ်သွားတဲ့လူတွေ၊ အရက်ရဲ့ ဆိုးကျိုးသိသွားသူတွေ အများကြီးကွ"



## အလိုက်သိပါတယ်

ကားဆရာ နတ်ပြည်ရောက်လာတော့၊ နတ်သားကို ကားဆရာက ...

"ကျုပ်အပေါ်ဆုံးထပ်မှာပဲ နေပါမယ်"

"ဟာ ခင်ဗျားလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်က နည်းနည်းလေးရယ်"

"ဒါကြောင့် အပေါ်ဆုံးထပ်မှာ နေမယ် ပြောတာပေါ့ဗျ မြေညီထပ်ဆို ဈေးကြီးနေမှာကြောင့်"



## ကိစ္စမရှိပါဘူး

"ဟဲလို ... ဟဲလို ... ဒေါက်တာလား"

"ဟုတ်ပါတယ်"

"ဟိုလေ ကျွန်မယောကျ်ားပုဆိုးမပါဘဲ အိမ်ပတ်ပြေးနေလို့အမြန်လာပါဦး။ ခြံအမှတ်(အေ)ကပါ၊ (၁၀)ပေလောက်မြင့်တဲ့ တံတိုင်းကာထားတယ်"

"အဲဒါဆိုမစိုးရိမ်ရပါဘူး၊ အပြင်လူတွေ ခြံထဲမမြင်နိုင်ဘူးလေ"

